## ဓမ္မခန္ဓာ (၃၄) ဆဗာ

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၅၈။ သုတ်ဒေသနာ– ၅၄ ပါး

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

| | |
|---|---|
| ၁။ | **الْحَمْدُ لِلَّهِ الَّذِي لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَلَهُ الْحَمْدُ فِي الْآخِرَةِ وَهُوَ الْحَكِيمُ الْخَبِيرُ۞**<br>အရှင်၏ အချုပ်အခြာ၌ ဖြစ်သော မိုးများနှင့် မြေကမ္ဘာမှ ရှိသူအပေါင်း၏ ရည်သန်စူးစိုက်မှုတို့သည် ပရမတ်ဘုရားရှင် အတွက်သာ ဖြစ်၏၊ အနာဂါတ်၌ ရည်သန်စူးစိုက်မှု အပေါင်းသည်လည်း အရှင့်အတို့သာ ဖြစ်၏၊ အရှင်သည် ဓမ္မသတ်ရှင်၊ သတင်းသိနေသော အရှင် ဖြစ်၏။ |
| ၂။ | **يَعْلَمُ مَا يَلِجُ فِي الْأَرْضِ وَمَا يَخْرُجُ مِنْهَا وَمَا يَنزِلُ مِنَ السَّمَاء وَمَا يَعْرُجُ فِيهَا وَهُوَ الرَّحِيمُ الْغَفُورُ۞**<br>အရှင်သည် မြေကမ္ဘာသို့ တိုးဝင်သွားရာများ၊ ထိုမှ ထွက်ပေါ်လာသောအရာ၊ မိုးကောင်းကင်မှ သက်သောအရာ၊ ထို အတွင်းသို့ တက်သော အရာများကို သိနေတော်မူ၏။ အရှင်သည် အကြင်နာရှင်၊ လွတ်ငြိမ်းစေသော အရှင် ဖြစ်၏။ |
| ၃။ | **وَقَالَ الَّذِينَ كَفَرُوا لَا تَأْتِينَا السَّاعَةُ قُلْ بَلَى وَرَبِّي لَتَأْتِيَنَّكُمْ عَالِمِ الْغَيْبِ لَا يَعْزُبُ عَنْهُ مِثْقَالُ ذَرَّةٍ فِي السَّمَاوَاتِ وَلَا فِي الْأَرْضِ وَلَا أَصْغَرُ مِن ذَلِكَ وَلَا أَكْبَرُ إِلَّا فِي كِتَابٍ مُّبِينٍ۞**<br>ဖုံးကွယ်သော သူတို့က "အချိန်နာရီသည် ကျွန်ုပ်တို့ထံသို့ ပေးရောက်မည် မဟုတ်၊"ဟု ဆိုကြ၏။ ဟောလော့၊ "အမှန်မှာ–ကံကြမ္မာရှင်သည် သင်တို့ထံသို့ ပေးရောက်မည် သာတည်း။ အရှင်သည် စကြူလွှန်များကို သိနေတော်မူ၏၊ မိုးများနှင့် မြေကမ္ဘာတွင်း အနုမြူ၏ သိပ်သည်းဆမျှဖြစ်စေ၊ ထိုထက်သေးငယ်သည် ဖြစ်စေ၊ ထိုထက်ကြီးမားသည် ဖြစ်စေ အရှင့်ထံမှ ပုန်းရှောင်နေနိုင်သည် မဟုတ်ချေ။ ရှင်းလင်းသော မှတ်တမ်းတွင်း၌ ရှိနေရ၏။ |
| ၄။ | **لِيَجْزِيَ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ أُوْلَئِكَ لَهُم مَّغْفِرَةٌ وَرِزْقٌ كَرِيمٌ۞**<br>ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသော သူအား အကျိုးဆုပေးရန် အတွက် ဖြစ်၏။ သူတို့အတွက် လွတ်ငြိမ်းခွင့်နှင့် ကျက်သရေရှိသော ရိက္ခာထောက်မှု ရှိနေ၏။ |
| ၅။ | **وَالَّذِينَ سَعَوْا فِي آيَاتِنَا مُعَاجِزِينَ أُوْلَئِكَ لَهُمْ عَذَابٌ مِّن رِّجْزٍ أَلِيمٌ۞**<br>ငါ၏ သုတ်ဒေသနာတို့အား တစ်စိုက်မတ်မတ် ဆန့်ကျင်သော သူတို့အတွက်မူ၊ သူတို့အား စူးနစ်နာကျင်သော ဝဋ်ကြွေးဆုဖြင့် အကျိုးဆုပေးမည်သာတည်း။ |
| ၆။ | **وَيَرَى الَّذِينَ أُوتُوا الْعِلْمَ الَّذِي أُنزِلَ إِلَيْكَ مِن رَّبِّكَ هُوَ الْحَقَّ وَيَهْدِي إِلَى صِرَاطِ الْعَزِيزِ الْحَمِيدِ۞**<br>ပညာဉာဏ် ချီးမြှင့်ခြင်း ခံရသော သူသည် သင့်ကံကြမ္မာရှင်မှ သင့်ထံ၌ ကိန်းဝပ်ချမှတ်ပေးသည်ကို ပရမတ္ထသစ္စာ၊ ဘုန်းတော်ရှင် ရည်သန်စူးစိုက်မှု တည်အရာ အရှင်၏ လမ်းစဉ်တော်သို့ လမ်းညွှန်ချက် ဟု မြင်၏။ |
| ၇။ | **وَقَالَ الَّذِينَ كَفَرُوا هَلْ نَدُلُّكُمْ عَلَى رَجُلٍ يُنَبِّئُكُمْ إِذَا مُزِّقْتُمْ كُلَّ مُمَزَّقٍ إِنَّكُمْ لَفِي خَلْقٍ جَدِيدٍ۞**<br>ဖုံးကွယ်သော သူတို့က ပြောသည်မှာ "သင်တို့သည် စီစီညက်ညက် အမှုန့်မှုန့် ဖြစ်ပြီး– တဖန် အသစ် ဖြစ်တည်ရဦးမည်ဟု ဆင့်ပြန်သည့် လူသားကို ကျွန်ုပ်တို့ ပြရမည်လော၊– |

| | |
|---|---|
| ၈။ | أَفْتَرَى عَلَى اللَّهِ كَذِبًا أَم بِهِ جِنَّةٌ بَلِ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ فِي الْعَذَابِ وَالضَّلَالِ الْبَعِيدِ ۝<br>သူသည် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်လည် လုပ်ကြံဖန်တီးသလော၊ သို့မဟုတ် ရူးသွပ်နေသလော၊”ဟု ဖြစ်၏။ အမှန်မှာ ဝဋ်ကြွေးရှိသော၊ နောင်ဘဝအား ယုံကြည်ခြင်း မရှိသော သူတို့သည် ဝေးစွာ လမ်းလွဲခြင်း၌ ရှိကြ၏။ |
| ၉။ | أَفَلَمْ يَرَوْا إِلَى مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُم مِّنَ السَّمَاءِ وَالْأَرْضِ إِن نَّشَأْ نَخْسِفْ بِهِمُ الْأَرْضَ أَوْ نُسْقِطْ عَلَيْهِمْ كِسَفًا مِّنَ السَّمَاءِ إِنَّ فِي ذَٰلِكَ لَآيَةً لِّكُلِّ عَبْدٍ مُّنِيبٍ ۝<br>သူတို့၏ ရှေ့မှ သူတို့၏ နောက်မှ ညှပ်ထားသော မိုးကောင်းကင်နှင့် မြေကမ္ဘာအား မဆင်ခြင်ကြသလော၊ စံချိန်ပြည့်သည့်အလျှောက် ငါသည် သူတို့အား မြေကမ္ဘာ၏ မြိုခြင်း၊ ကောင်းကင်မှ သူတို့အပေါ်သို့ ပဲ့ကျခြင်းများ ဖြစ်စေနိုင်၏။ ဦးလှည့်သော အမှုတော်ဆောင်တိုင်းအတွက် ဤ၌ နိမိတ်လက္ခဏာရပ် ရှိနေ၏။[၈၄၅] |
| ၁၀။ | وَلَقَدْ آتَيْنَا دَاوُودَ مِنَّا فَضْلًا يَا جِبَالُ أَوِّبِي مَعَهُ وَالطَّيْرَ وَأَلَنَّا لَهُ الْحَدِيدَ ۝<br>ငါသည် ဒါဝူဒ်အား ငါထံ၌ သိက္ခာပေးခြင်းဖြင့် ချီးမြှင့်၏၊ အို–တောတောင်တို့၊ သူနှင့်အတူ ငါ့ဘက်သို့ ပြန်လာလော့၊ ငှက်အပေါင်းတို့လည်း ပါ၏။ သူ့အတွက် သံကို ပျော့ပျောင်းစေ၏။[၈၄၆] |
| ၁၁။<br><br>သံချပ်<br>အကျီ | أَنِ اعْمَلْ سَابِغَاتٍ وَقَدِّرْ فِي السَّرْدِ وَاعْمَلُوا صَالِحًا إِنِّي بِمَا تَعْمَلُونَ بَصِيرٌ ۝<br>သံကွင်းများကို စည်းချိန်တကျဆက်၍ ကိုယ်ကာ☆ ပြုလုပ်လော့၊ ပြုပြင်ပြောင်းလဲမှု လုပ်လော့၊ ကေန်ပင် ငါအရှင်သည် ကျင့်ကြံသမျှကို သိနေတော်မူ၏။ |
| ၁၂။<br><br>☆၆း၁၀၀ | وَلِسُلَيْمَانَ الرِّيحَ غُدُوُّهَا شَهْرٌ وَرَوَاحُهَا شَهْرٌ وَأَسَلْنَا لَهُ عَيْنَ الْقِطْرِ وَمِنَ الْجِنِّ مَن يَعْمَلُ بَيْنَ يَدَيْهِ بِإِذْنِ رَبِّهِ وَمَن يَزِغْ مِنْهُمْ عَنْ أَمْرِنَا نُذِقْهُ مِنْ عَذَابِ السَّعِيرِ ۝<br>စိုလိုင်မံအတွက် လေကို နာခံစေ၍၊ ၎င်းကို နေတက်ပိုင်းသို့ တစ်လခရီး၊ နေကျပိုင်းသို့ တစ်လခရီး ဖြစ်စေ၏၊ သူ့အတွက် ငါသည် ငွေကြေး စီးကြောင်းကို စေစား၏။ ပုတုဇဉ်များမှ☆ ငါ၏ ခွင့်ပြုချက်ဖြင့် သူ့ရှေ့မှောက် အလုပ်အကျွေးပြုရသူတို့ရှိ၏၊ သူတို့မှ ငါ၏ စီမံချက်အား ဆန့်ကျင်သူအား၊ ရဲရဲတောက်နေသော ဝဋ်ကြွေးကို မြည်းစမ်းစေလတ္တံ့။[၈၄၇] |
| ၁၃။ | يَعْمَلُونَ لَهُ مَا يَشَاءُ مِن مَّحَارِيبَ وَتَمَاثِيلَ وَجِفَانٍ كَالْجَوَابِ وَقُدُورٍ رَّاسِيَاتٍ اعْمَلُوا آلَ دَاوُودَ شُكْرًا وَقَلِيلٌ مِّنْ عِبَادِيَ الشَّكُورُ ۝<br>၎င်းတို့သည် သူ့အတွက်– စခန်းများ၊ ပန်းပုများ၊ ရေတွင်းရေကန်ကြီးများ၊ စည်းချိန်တကျ ချက်အိုးကြီးများကို ပြုလုပ်ပေး၏။ အို ဒါဝူဒ်၏ ဝိုင်းသားတို့ သီလရှိကြလော့။ ငါ့အမှုတော်ဆောင်တို့မှ အနည်းငယ်မျှသာ ကျေးဇူး သိတတ်ကြကုန်၏။ |

---

**(၈၄၅)** ဤသုတ်တော်မှ ဦးလှည့်သော ဟု ပြန်ဆိုသည့် ဝေါဟာရသည် **مُّنِيبٍ မုနီးဘ်** ဟု ဖြစ်၍။ အမှန်တရားသို့ ဦးလှည့်သော၊ အမှန်ကို အမှန်အတိုင်းမြင်တတ်သော၊ ပရမတ်ဘုရားရှင် အလ္လာဟ်၏ လမ်းညွှန်ချက်သို့ ဦးလှည့်သောဟု ဖြစ်ပေသည်။

**(၈၄၆)** ငှက်များ ဆိုသည်မှာ ငှက်အမည်များ ပေးထားသည့် တပ်ရင်းများကို ဆိုလိုသည်၊ ၁၆း၇၉။ တောတောင်ဆိုသည်မှာ သန်မာထွားကျိုင်းသော သူများကို ခေါ်ဆိုပေသည်၊ (၁၃း၃၁)။

**(၈၄၇)** စိုလိုင်မံအတွက် လေကို နာခံစေ၏ ဆိုသည်မှာ စိုလိုင်မံသည် လေကို အသုံးပြုနည်းကို သိ၏ ဟု ဖြစ်ပေသည်။ တနည်းအားဖြင့် စိုလိုင်မံ၏ ရေတပ်မှ ရွက်လှေများ ရွက်လွှင့်ခြင်းကို ပြောဆိုပေသည်။ စိုလိုင်မံရေတပ်သည်၊ အရှေ့ဘက် အနောက်ဘက် တစ်လခရီး ရွက်လွှင့်ရသော အကွာအဝေးထိ တပ်အင်အား ဖြန့်ကျက်သည့် အင်ပါယာကြီးကို ထူထောင်ခဲ့နိုင်ကြောင်း ဆိုလိုပေသည်။

ဤသုတ်တော်မှ **အိုင်းနလ် ကိတ္တ်ရိ** ကို ဆရာတော်ကြီးများက ကြေးရည်စမ်းချောင်းဟု ပြန်ဆိုကြပေသည်၊ **ကိတ္တ်ရိ** သည် ဥစ္စာငွေကြေးများကိုလည်း ဆိုလိုပေသည် (၄း၂၀)။ ထို့ကြောင့် ဤဘာသာပြန်တွင် **ငွေကြေးစီးကြောင်း** ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်၊ ဆိုလိုသည်မှာ စိုလိုင်မံသည် အင်ပါယာပြည့်ရှင်မင်း ဖြစ်သည့်အပြင် တိုင်းပြည်၏ စီးပွားရေးကိုပါ ထူထောင်နိုင်ခဲ့ကြောင်းကို ရည်ညွှန်းပေသည်။

| | |
|---|---|
| ၁၄။ | **فَلَمَّا قَضَيْنَا عَلَيْهِ الْمَوْتَ مَا دَلَّهُمْ عَلَى مَوْتِهِ إِلَّا دَابَّةُ الْأَرْضِ تَأْكُلُ مِنسَأَتَهُ فَلَمَّا خَرَّ تَبَيَّنَتِ الْجِنُّ أَن لَّوْ كَانُوا يَعْلَمُونَ الْغَيْبَ مَا لَبِثُوا فِي الْعَذَابِ الْمُهِينِ۞**<br>ငါသည် သူ၏ ခန္ဓာချ စျာပနအား အပြီးသတ်ပေးပြီးနောက်၊ မြေမှ သက်ရှိက သူ့ လှံလက်ထောက်ကို စား၍ ၎င်းလဲကျသည်ကို ပုတုဇဉ်သည် ရှင်းရှင်းလင်းလင်း မြင်တွေ့သည့် အချိန်ထိ ၎င်းတို့သည် သူ ခန္ဓာဝန်ချသည်ကို မရိပ်မိကြချေ၊ အကယ်၍ သူတို့မျက်ကွယ်၌ ဖြစ်ခဲ့သည်ကို သိခဲ့ကြလျှင်၊ ထိုနိမ့်ကျသည့် ဝဋ်ကြွေးထဲ၌ နေခဲ့ကြမည် မဟုတ်ချေ။[၉၄၈] |
| ၁၅။<br><br>☆<br>၂၇:၂၂ | **لَقَدْ كَانَ لِسَبَإٍ فِي مَسْكَنِهِمْ آيَةٌ جَنَّتَانِ عَن يَمِينٍ وَشِمَالٍ كُلُوا مِن رِّزْقِ رَبِّكُمْ وَاشْكُرُوا لَهُ بَلْدَةٌ طَيِّبَةٌ وَرَبٌّ غَفُورٌ۞**<br>ဆဗာတို့အတွက်☆ အမိမြေတွင် နိမိတ်လက္ခဏာရပ် ရှိနေ၏။ လက်ဝဲဘက် လကျာဘက်၌ ဥယျာဉ်နှစ်ခု ရှိနေ၍၊ သင်တို့၏ ကံကြမ္မာရှင် ရိက္ခာပေးရာမှ စားကြကုန်လော့၊ အရှင့်အား သန့်စင်သည့် မြေနှင့် လွတ်ငြိမ်းစေသော ကံကြမ္မာရှင်အား ကျေးဇူးသိကြကုန်လော့။ |
| ၁၆။ | **فَأَعْرَضُوا فَأَرْسَلْنَا عَلَيْهِمْ سَيْلَ الْعَرِمِ وَبَدَّلْنَاهُم بِجَنَّتَيْهِمْ جَنَّتَيْنِ ذَوَاتَى أُكُلٍ خَمْطٍ وَأَثْلٍ وَشَيْءٍ مِّن سِدْرٍ قَلِيلٍ۞**<br>သို့သော် သူတို့သည် ဘက်လှည့်သွားကြ၏၊ ထို့ကြောင့် သူတို့၏ ဥယျာဉ်နှစ်ခု နေရာ၌ ပြင်းထန်သော ရေလွှမ်းခြင်းဖြင့် အစားထိုးလိုက်၍၊ ခါးကျစ်သော အသီးများ၊ ထင်းရှူးပင်များနှင့် ဆီးပင် အနည်းငယ် ပြွန်းသည့် ဥယျာဉ်နှစ်ခုကို ဖြစ်စေခဲ့၏။ |
| ၁၇။ | **ذَٰلِكَ جَزَيْنَاهُم بِمَا كَفَرُوا وَهَلْ نُجَازِي إِلَّا الْكَفُورَ۞**<br>သူတို့၏ ဖုံးကွယ်မှုများကြောင့် ငါသည် သူတို့အား ဤသို့ အစားပေးတော်မူ၏၊ ငါသည် ဖုံးကွယ်သူတို့ကိုသာ ဤသို့ အစားပေးတော်မူသည် မဟုတ်လော။ |
| ၁၈။ | **وَجَعَلْنَا بَيْنَهُمْ وَبَيْنَ الْقُرَى الَّتِي بَارَكْنَا فِيهَا قُرًى ظَاهِرَةً وَقَدَّرْنَا فِيهَا السَّيْرَ سِيرُوا فِيهَا لَيَالِيَ وَأَيَّامًا آمِنِينَ۞**<br>ငါသည် သူတို့အကြားနှင့် ငါ ကျက်သရေပေးသော မြို့ရွာများ၏ အကြား၌ ထင်ရှားမြင်သာသည့် မြို့ရွာများကို ပြုလုပ်ပေးတော်မူ၏၊ ထို၌ သွားလာ ခရီးတွင် စည်းချိန်ကိုက်နိုင်စေ၍၊ ည နေ့မရွေး ဘေးကင်းစွာ ခရီးသွားလာစေ၏။ |
| ၁၉။ | **فَقَالُوا رَبَّنَا بَاعِدْ بَيْنَ أَسْفَارِنَا وَظَلَمُوا أَنفُسَهُمْ فَجَعَلْنَاهُمْ أَحَادِيثَ وَمَزَّقْنَاهُمْ كُلَّ مُمَزَّقٍ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّكُلِّ صَبَّارٍ شَكُورٍ۞**<br>သို့သော် သူတို့က “အို ကံကြမ္မာရှင်၊ တပည့်တော်တို့၏ ခရီးကို ပိုမို ဝေးကွာစေတော်မူပါ”ဟု ဆုတောင်းကြ၏၊ သူတို့စရိုက်ကို သူတို့ အမိုက်စီးစေကြ၏၊ ငါသည် သူတို့အတွက် ရာဇဝင်တွင်အောင် ပြုလုပ်လိုက်၏၊ သူတို့အား အစိတ်စိတ် အမွှာမွှာပြန့်ကျဲစေကုန်၏၊ မြင်တတ်သူ ကျေးဇူးသိတတ်သူတိုင်း အတွက် ဤ၌ နိမိတ်လက္ခဏာရပ် ရှိနေ၏။ |
| ၂၀။ | **وَلَقَدْ صَدَّقَ عَلَيْهِمْ إِبْلِيسُ ظَنَّهُ فَاتَّبَعُوهُ إِلَّا فَرِيقًا مِّنَ الْمُؤْمِنِينَ۞** |

---

(၉၄၈) ပုတုဇဉ်ဟု ဘာသာပြန်ဆိုသော **ဂျင်** ဆိုသည်မှာ လူသားပင် ဖြစ်ကြောင်း ဤသုတ်တော်က ရှင်းရှင်းလင်းလင်း ပြဆိုပေသည်၊ အကယ်၍ ဆရာတော်ကြီးများ ယူဆသကဲ့သို့ ၎င်းသည် မကောင်းသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ နတ်တစ်မျိုးဖြစ်က စိုလိုင်မံမင်းကြီး သေဆုံးသည်ကို သိနေခဲ့မည်သာ ဖြစ်သည်။ ယခုမူ စိုလိုင်မံမင်းကြီး သေဆုံးပြီးနောက်ပိုင်း၊ အခြားတစ်ဦးက သူ၏ ဩဇာအာဏာကို သိမ်းပိုက်လိုက်ချိန်အထိ (သူ့ လှံတောင်ဝှေးကို စားလိုက်သည် အထိ) စိုလိုင်မံ သေသည်ကို မသိဘဲ၊ ထိုဂျင်တို့မှာ စိုလိုင်မံချခဲ့သော စီမံချက်ကို ဆင်းရဲပင်ပန်းခံ၍ ဆက်လက် လုပ်ကိုင်နေခဲ့ရပေသည်၊ သူတို့မှာ စိုလိုင်မံ၏ စီမံချက်များအတွက် အလုပ်ကြမ်း သမားများပင် ဖြစ်ပေသည်။

| | |
|---|---|
| ☆၂း၃၇ | သူတို့နှင့် စပ်လျဉ်း၍ ရှေးရိုးစွဲသည်☆ သူ၏ ထင်မြင်ချက်ကို မှန်ကန်ကြောင်း တွေ့ရ၏၊ ယုံကြည်သူတို့အနက် တစ်စုမှအပ သူ့နောက်သို့ လိုက်ကြကုန်၏။ |
| ၂၁။<br><br>ရှေးရိုးစွဲ | **وَمَا كَانَ لَهُ عَلَيْهِم مِّن سُلْطَانٍ إِلَّا لِنَعْلَمَ مَن يُؤْمِنُ بِالْآخِرَةِ مِمَّنْ هُوَ مِنْهَا فِي شَكٍّ وَرَبُّكَ عَلَى كُلِّ شَيْءٍ حَفِيظٌ۞**<br>သူတို့အပေါ်၌ **သူ**သည် အခွင့်အာဏာ မရှိချေ။ သို့သော် နောင်ဘဝအား ယုံကြည်သူနှင့် ထိုမှ၌ သံသယဖြစ်နေသူအား ခွဲခြားသိရန် အလို့ငှာ ဖြစ်၏၊ ကံကြမ္မာရှင်သည် သဗ္ဗလုံးစုံအား စောင့်ထိမ်းထားတော်မူ၏။ |
| ၂၂။ | **قُلِ ادْعُوا الَّذِينَ زَعَمْتُم مِّن دُونِ اللَّهِ لَا يَمْلِكُونَ مِثْقَالَ ذَرَّةٍ فِي السَّمَاوَاتِ وَلَا فِي الْأَرْضِ وَمَا لَهُمْ فِيهِمَا مِن شِرْكٍ وَمَا لَهُ مِنْهُم مِّن ظَهِيرٍ۞**<br>ဟောလော့ "ပရမတ်ဘုရားရှင်နှင့် တုပြိုင်၍ သင်တို့ အမာခံရပ်တည်သော အရာများ၌ ဆုတောင်းကြလော့၊ ၎င်းတို့သည် မြေကမ္ဘာတွင်း မိုးများအတွင်း အနုမြူမျှပင် အစိုးရသည် မဟုတ်ချေ၊ ထိုမှ၌ သူတို့အတွက် ဘက်စပ်ကူညီသူလည်း မရှိချေ၊ သူတို့အတွက် အရှင့်ထံမှ ကျောထောက်နောက်ခံလည်း မရှိချေ။" |
| ၂၃။ | **وَلَا تَنفَعُ الشَّفَاعَةُ عِندَهُ إِلَّا لِمَنْ أَذِنَ لَهُ حَتَّى إِذَا فُزِّعَ عَن قُلُوبِهِمْ قَالُوا مَاذَا قَالَ رَبُّكُمْ قَالُوا الْحَقَّ وَهُوَ الْعَلِيُّ الْكَبِيرُ۞**<br>အရှင်၏ ခွင့်ပြုချက် ရသူမှအပ၊ အမျှဝေပေးမှုသည် အကျိုးမပြုချေ၊ သူတို့၏ စိတ်နှလုံး ဒုန်းဒုန်းကျသောအခါ၊ "သင်တို့၏ ကံကြမ္မာရှင်က အဘယ်အရာအား မိန့်ဆိုသနည်း၊"ဟု ပြောကြ၏၊ ဟောလော့ "ပရမတ္ထသစ္စာတရားပင်တည်း၊" အရှင်သည် အမြင့်မြတ်ဆုံး၊ အကြီးကျယ်ဆုံး ဖြစ်တော်မူ၏။ |
| ၂၄။ | **قُلْ مَن يَرْزُقُكُم مِّنَ السَّمَاوَاتِ وَالْأَرْضِ قُلِ اللَّهُ وَإِنَّا أَوْ إِيَّاكُمْ لَعَلَى هُدًى أَوْ فِي ضَلَالٍ مُّبِينٍ۞**<br>"မိုးများနှင့် မြေမှ သင်တို့အား အဘယ်သူက ရိက္ခာထောက်နေသနည်း၊"ဟု မေး၍၊ ဟောလော့ "ပရမတ်ဘုရားရှင်ဖြစ်၏။ သင်တို့နှင့် ကျွန်ုပ်သည် အဘယ်သူက လမ်းညွှန်မှုန်၌ ရှိနေသနည်း၊ သို့မဟုတ် အဘယ်သူက ရှင်းလင်းသောလမ်းလွဲ၌ ရှိနေသနည်း။" |
| ၂၅။ | **قُل لَّا تُسْأَلُونَ عَمَّا أَجْرَمْنَا وَلَا نُسْأَلُ عَمَّا تَعْمَلُونَ۞**<br>ဟောလော့ "ကျွန်ုပ်တို့၏ ပြစ်မှုအတွက် သင်တို့သည် စစ်ဆေးခံရမည် မဟုတ်၊ သင်တို့၏ ကျင့်ကြံမှုအတွက်လည်း ကျွန်ုပ်တို့သည် စစ်ဆေးခံရမည် မဟုတ်ချေ။" |
| ၂၆။ | **قُلْ يَجْمَعُ بَيْنَنَا رَبُّنَا ثُمَّ يَفْتَحُ بَيْنَنَا بِالْحَقِّ وَهُوَ الْفَتَّاحُ الْعَلِيمُ۞**<br>ဟောလော့ "ကျွန်ုပ်တို့၏ ကံကြမ္မာရှင်သည် ကျွန်ုပ်တို့အားလုံးကို စုရုံးစေမည် ဖြစ်၏၊ ထို့နောက် ကျွန်ုပ်တို့အကြား၌ အမှန်အတိုင်း ဖွင့်ချလတ္တံ့၊ အရှင်သည် ဖွင့်လှစ်တော်မူသော အရှင်၊ သိနေတော်မူသော အရှင်ဖြစ်၏။[၇၄၉] |
| ၂၇။ | **قُلْ أَرُونِي الَّذِينَ أَلْحَقْتُم بِهِ شُرَكَاء كَلَّا بَلْ هُوَ اللَّهُ الْعَزِيزُ الْحَكِيمُ۞**<br>ဟောလော့ "သင်တို့သည် အရှင်နှင့် ရောပြွန်းကိုးကွယ်ရန် တည်ထားခဲ့သည်များကို ကျွန်ုပ်အား ပြသလော့၊ အလျဉ်းမဟုတ်၊ အရှင်– ပရမတ်ဘုရားရှင်သည်သာ ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၂၈။ | **وَمَا أَرْسَلْنَاكَ إِلَّا كَافَّةً لِّلنَّاسِ بَشِيرًا وَنَذِيرًا وَلَكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ۞**<br>ငါသည် သင့်အား လူမျိုးနွယ် အားလုံးအတွက် သတင်းကောင်းဆောင်သူ၊ သတိပေးသူ အဖြစ်သာ စေစားတော်မူ၏၊ |

(၇၄၉) ဤသုတ်တော်မှ ဖွင့်ပြသည် "ဖွင့်လှစ်သည်" ဆိုခြင်းမှာ အရှိကို အရှိအတိုင်း ခင်းကျင်းပြခြင်း၊ ဆုံးဖြတ်ခြင်းကို ဆိုလိုပေသည်။

| | |
|---|---|
| | သို့ရာတွင် လူသား အများစုကြီးသည် အသိဉာဏ် မရှိကြချေ။ |
| ၂၉။ | وَيَقُولُونَ مَتَى هَذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ۝<br>သူတို့က “သင်သည် ဖြောင့်မှန်သူ ဖြစ်လျှင်၊ ကတိတော်မှာ မည်သည့်အခါ၌ ဖြစ်မည်နည်း။”ဟု ဆိုကြ၏။ |
| ၃၀။ | قُل لَّكُم مِّيعَادُ يَوْمٍ لَّا تَسْتَأْخِرُونَ عَنْهُ سَاعَةً وَلَا تَسْتَقْدِمُونَ۝<br>ဟောလော့ “သင်တို့အတွက် ကတိထားသော နေ့ကာလ၊ ၎င်းကို သင်တို့သည် တစ်နာရီမျှပင် နောက်ဆုတ်ခြင်း၊ အလျင်စလိုရှေ့တိုးခြင်း မပြုနိုင်ချေ။” |
| ၃၁။ | وَقَالَ الَّذِينَ كَفَرُوا لَن نُّؤْمِنَ بِهَذَا الْقُرْآنِ وَلَا بِالَّذِي بَيْنَ يَدَيْهِ وَلَوْ تَرَى إِذِ الظَّالِمُونَ مَوْقُوفُونَ عِندَ رَبِّهِمْ يَرْجِعُ بَعْضُهُمْ إِلَى بَعْضٍ الْقَوْلَ يَقُولُ الَّذِينَ اسْتُضْعِفُوا لِلَّذِينَ اسْتَكْبَرُوا لَوْلَا أَنتُمْ لَكُنَّا مُؤْمِنِينَ۝<br>ဖုံးကွယ်သော သူတို့က “ကျွန်ုပ်တို့သည် ဤကုရ်အာန်နှင့် ရှေးလက်စွဲကျမ်းများ၌ မယုံကြည်ကြချေ။”ဟု ဆိုကြ၏။ အဝိဇ္ဇာသင့်နေသူများအား သူတို့၏ ကံကြမ္မာရှင်ထံ၌ ရပ်တည်စေသောအခါ၊ အချင်းချင်း နောက်လှည့်လျှက်၊ အားနည်း ခဲ့သူတို့က အကြီးအကဲတို့အား “သင်တို့ကြောင့် မဟုတ်ခဲ့လျှင်၊ ကျွန်ုပ်တို့သည် ယုံကြည်သူများမှ ဖြစ်ခဲ့လတ္တံ့။” ဟု ပြောဆိုသည့် အပြောများကို သင် မြင်ရပါလေစ။[၈၅၀] |
| ၃၂။ | قَالَ الَّذِينَ اسْتَكْبَرُوا لِلَّذِينَ اسْتُضْعِفُوا أَنَحْنُ صَدَدْنَاكُمْ عَنِ الْهُدَى بَعْدَ إِذْ جَاءكُم بَلْ كُنتُم مُّجْرِمِينَ۝<br>အကြီးအကဲတို့က အားနည်းခဲ့သူတို့အား “သင်တို့ထံသို့ လမ်းညွှန်တရား ရောက်ရှိခဲ့ပြီးနောက် ကျွန်ုပ်တို့က သင်တို့အား ထိုမှ ဟန့်တားခဲ့သလော။ အမှန်မှာ သင်တို့သည် ရာဇဝတ်ကောင်များသာ ဖြစ်ကြ၏။”ဟု ပြောသော်။ |
| ၃၃။ | وَقَالَ الَّذِينَ اسْتُضْعِفُوا لِلَّذِينَ اسْتَكْبَرُوا بَلْ مَكْرُ اللَّيْلِ وَالنَّهَارِ إِذْ تَأْمُرُونَنَا أَن نَّكْفُرَ بِاللَّهِ وَنَجْعَلَ لَهُ أَندَادًا وَأَسَرُّوا النَّدَامَةَ لَمَّا رَأَوُا الْعَذَابَ وَجَعَلْنَا الْأَغْلَالَ فِي أَعْنَاقِ الَّذِينَ كَفَرُوا هَلْ يُجْزَوْنَ إِلَّا مَا كَانُوا يَعْمَلُونَ۝<br>အားနည်းခဲ့သူတို့က အကြီးအကဲတို့အား “အမှန်မှာ၊ ပရမတ်ဘုရားရှင်အား ဖုံးကွယ်ထားလျှက် အရှင့်အစား သင်တို့အား တစ်ဂိုဏ်းတည်းထားစေရန် နေ့ညမအား ကျွန်ုပ်တို့ကို စီမံချက်ချခဲ့၏။”ဟု ပြန်ပြောကြ၏။ သူတို့သည် ဝဋ်ကြွေးကို မြင်ရသောအခါ၊ သံဝေဂကြီး ဖြစ်ကြ၏။ ငါသည် ဖုံးကွယ်သော သူတို့၏ လည်ပင်းအတွက် သံကျင်းကို ပြုလုပ်ထား၏၊ သူတို့ မကျင့်ကြံခဲ့ရာအတွက် အကျိုးတုံ့ပြန်စေသလော။ |
| ၃၄။ | وَمَا أَرْسَلْنَا فِي قَرْيَةٍ مِّن نَّذِيرٍ إِلَّا قَالَ مُتْرَفُوهَا إِنَّا بِمَا أُرْسِلْتُم بِهِ كَافِرُونَ۝<br>သာယာယစ်မူးနေသော သူတို့က “ကျွန်ုပ်တို့သည် သင်တို့ စေစားလာသည်များကို ဖုံးကွယ်မှောင်ချထား၏။”ဟု ပြော ဆိုသော မြို့ရွာဒေသကိုသာ ငါအရှင်သည် သတိပေးသူ စေစားတော်မူ၏။ |
| ၃၅။ | وَقَالُوا نَحْنُ أَكْثَرُ أَمْوَالًا وَأَوْلَادًا وَمَا نَحْنُ بِمُعَذَّبِينَ۝<br>သူတို့က “ကျွန်ုပ်တို့တွင် ဥစ္စာပစ္စည်း၊ သားသမီး များစွာရှိ၏၊ ကျွန်ုပ်တို့အား ဝဋ်ကြွေးမသင့်နိုင်၊”ဟု ပြောကြသေး၏။ |
| ၃၆။ | قُلْ إِنَّ رَبِّي يَبْسُطُ الرِّزْقَ لِمَن يَشَاء وَيَقْدِرُ وَلَكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ۝<br>ဟောလော့ “သင့်ကံကြမ္မာရှင်သည် စံချိန်ပြည့်မှီသည့်☆ သူအား ရိက္ခာ ကျယ်ဝန်းစေ၏၊ စည်းကြပ်ထားတော်မူ၏။ |

(၈၅၀) ဤသုတ်တော်များမှ “အားနည်းသူများ” ဆိုသည်မှာ ဘာသာရေး ဗဟုသုတ အားနည်းသူများ၊ ငွေကြေးအင်အား၊ ပညာအင်အား အားနည်းသူများ၊ ယုတ္တိဗေဒနှင့် တိုင်းတာချိန်စစ်နိုင်မှု အားနည်းသူများကို ဆိုလိုပေသည်။ ထိုသို့အားနည်းသူများအား ဖြောင့်မှန်သော သစ္စာတရားတော် ဆီသို့ ဆိုက်မြိုက်နိုင်စေရန်၏ အမှန်တကယ် ဖြောင့်မှန်သော၊ မိမိအား ပုဂ္ဂိုလ်ရေး ဆည်းကပ်ကိုးကွယ်မှုကို မလိုလားသော ခေါင်းဆောင်ကောင်းများ လိုအပ်ပေသည်။

| | |
|---|---|
| ☆၂း၇၀ | သို့ရာတွင် လူသားများစွာမှာ သိနိုင်စွမ်းအား မရှိချေ။” |
| ၃၇။ | **وَمَا أَمْوَالُكُمْ وَلَا أَوْلَادُكُم بِالَّتِي تُقَرِّبُكُمْ عِندَنَا زُلْفَى إِلَّا مَنْ آمَنَ وَعَمِلَ صَالِحًا فَأُوْلَئِكَ لَهُمْ جَزَاء الضِّعْفِ بِمَا عَمِلُوا وَهُمْ فِي الْغُرُفَاتِ آمِنُونَ۞**<br>သင်တို့၏ ဥစ္စာပစ္စည်း၊ သင်တို့၏ သားသမီးတို့သည် ငါအရှင့်ထံတော်၌ မည်သည့်အဆင့်အတန်းကိုမျှ မနီးကပ်နိုင်ချေ။ ယုံကြည်၍ ပြုပြင်ပြောင်းလဲမှုကို ကျင့်ကြံသူ၊ ထိုသူတို့အတွက်သာ သူတို့ကျင့်ကြံမှုအတွက် ဆထက်တိုးသော အကျိုးဆု ရှိ၏။ သူတို့သည် လုံခြုံသော အထက်ဘုံနန်း၌ စံမြန်းရမည်ပင်။ |
| ၃၈။ | **وَالَّذِينَ يَسْعَوْنَ فِي آيَاتِنَا مُعَاجِزِينَ أُوْلَئِكَ فِي الْعَذَابِ مُحْضَرُونَ۞**<br>ငါ၏ သုတ်ဒေသနာတို့အား အာခံဆန့်ကျင်သော သူတို့၏ အကျိုးဆုသည်ကား၊ သူတို့သည် ပြင်ဆင်ပြီးသား ဝဋ်ကြွေးထဲ၌ စံမြန်းရခြင်းပင်။ |
| ၃၉။ | **قُلْ إِنَّ رَبِّي يَبْسُطُ الرِّزْقَ لِمَن يَشَاء مِنْ عِبَادِهِ وَيَقْدِرُ لَهُ وَمَا أَنفَقْتُم مِّن شَيْءٍ فَهُوَ يُخْلِفُهُ وَهُوَ خَيْرُ الرَّازِقِينَ۞**<br>ဟောလော့ “ကျွန်ုပ်၏ ကံကြမ္မာရှင်သည် အမှုတော်ဆောင်များအနက် စံချိန်ပြည့်မှီသူအား ရိက္ခာကျယ်ဝန်းစေ၏။ ထို့နောက် သူ့အား စည်းကြပ်ထားတော်မူ၏။ သင်တို့သည် ထိုမှ တစ်စုံတစရာ လှူဒါန်း သုံးစွဲသော် ၎င်းအတွက် ဆုတော်ရှိ၏။ အရှင်သည် အကောင်းမြတ်ဆုံး ရိက္ခာထောက်ပံ့သည့် အရှင် ဖြစ်၏။ |
| ၄၀။ | **وَيَوْمَ يَحْشُرُهُمْ جَمِيعًا ثُمَّ يَقُولُ لِلْمَلَائِكَةِ أَهَؤُلَاء إِيَّاكُمْ كَانُوا يَعْبُدُونَ۞**<br>သူတို့အားလုံး စုစည်းစေသော နေ့ကာလ၌၊ အရှင်က နိမိတ်ဆောင်တို့အား “သူတို့က သင်တို့အား ဆည်းကပ်ကိုးကွယ်ခဲ့ကြသလော၊”ဟု မေးတော်မူအံ့။ |
| ၄၁။ | **قَالُوا سُبْحَانَكَ أَنتَ وَلِيُّنَا مِن دُونِهِم بَلْ كَانُوا يَعْبُدُونَ الْجِنَّ أَكْثَرُهُم بِهِم مُّؤْمِنُونَ۞**<br>သူတို့က “အရှင့်အား ဦးထိပ်ထားပါ၏။ သူတို့အား ဆန့်ကျင်၍၊ အရှင်သည်သာ တပည့်တော် တို့အား ကွပ်ကဲသော အရှင် ဖြစ်ပါ၏။ အမှန်မှာ သူတို့သည် ပုတုဇဉ်များကိုသာ ကိုးကွယ်ကြကုန်၏။ များစွာတို့မှာ ၎င်းတို့ကိုသာ ယုံကြည်နေကြပါ၏၊”ဟု ဆိုကြ၏။[၈၅၁] |
| ၄၂။ | **فَالْيَوْمَ لَا يَمْلِكُ بَعْضُكُمْ لِبَعْضٍ نَّفْعًا وَلَا ضَرًّا وَنَقُولُ لِلَّذِينَ ظَلَمُوا ذُوقُوا عَذَابَ النَّارِ الَّتِي كُنتُم بِهَا تُكَذِّبُونَ۞**<br>ထိုနေ့ကာလ၌၊ သူတို့အချင်းချင်း ကောင်းကျိုး၊ ဥပါဒ်ပေးနိုင်သော အစွမ်းအာဏာ မရှိကြချေ။ ငါအရှင်က “သင်တို့ငြင်းဆန်ခဲ့သော အရာ ဝဋ်ကြွေး မီးပူကို မြည်းစမ်းကြလော့၊”ဟု အဝိဇ္ဇာသင့် နေသူတို့အား ဆိုလတ္တံ့။ |
| ၄၃။ | **وَإِذَا تُتْلَى عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ قَالُوا مَا هَذَا إِلَّا رَجُلٌ يُرِيدُ أَن يَصُدَّكُمْ عَمَّا كَانَ يَعْبُدُ آبَاؤُكُمْ وَقَالُوا مَا هَذَا إِلَّا إِفْكٌ مُّفْتَرًى وَقَالَ الَّذِينَ كَفَرُوا لِلْحَقِّ لَمَّا جَاءهُمْ إِنْ هَذَا إِلَّا سِحْرٌ مُّبِينٌ۞**<br>သူတို့အား ငါအရှင်၏ ရှင်းလင်းသော သုတ်ဒေသနာများကို ရွတ်ဖတ်ပြသော အခါ၊ “ဤလူသားသည် သင်တို့အား |

**(၈၅၁)** သူတို့ကိုးကွယ်ဆည်းကပ်ခဲ့သော ပုတုဇဉ် (ဂျင်) များ ဆိုသည်မှာ သူတို့၏ ဘာသာရေးဆိုင်ရာ အကြီးအကဲများကို ဆိုလိုကြောင်း သုတ်တော် ၃၄း၃၃ တွင် အတိအကျ ပြောထားလေပြီ၊ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ လူအများ ကိုးကွယ် ဆည်းကပ်နေကြသော ဆရာသမား၊ ဘုန်းကြီး ရဟန်း အများစုသည်လည်း သူတို့ကိုယ်သူတို့ ပုတုဇဉ်များသာ ဖြစ်ကြောင်း မကြာခဏ ထုတ်ဖော်ပြောဆိုလေ့ ရှိသည်ပင်။
သုတ်တော် ၃၃း၄၀ တွင် ပြောဆိုသော နိမိတ်ဆောင် (မလာအိကာဟ်) များဆိုသည်မှာလည်း လူသားထဲမှ သတိပေးသော သူများကိုသာ ဆိုလိုကြောင်း သုတ်တော် ၃၃း၃၄ တွင် ထောက်ပြထားပေသည်၊ (၂း၃၀) တွင် ပြန်ကြည့်ပါ။

| | |
|---|---|
| | မိရိုးဖလာ ကိုးကွယ်ရာမှ သွေဖီသွားရန် လိုလားသူမှအပ အခြားမဟုတ်ချေ”ဟု ဆို၍ “ဤသည် ဖန်တီးထားသော လုပ်ဇတ်သာ ဖြစ်၏”ဟု ဆက်၍ပြောကြ၏။ သစ္စာတရားတော် သူတို့ထံသို့ ရောက်လာသောအခါ၊ ဖုံးကွယ်သော သူတို့က “ကေန်ပင်–ဤသည် ရှင်းလင်းသော မှော်အတတ်သာဖြစ်၏”ဟု ပြောကြ၏။ |
| ၄၄။ | وَمَا آتَيْنَاهُم مِّن كُتُبٍ يَدْرُسُونَهَا وَمَا أَرْسَلْنَا إِلَيْهِمْ قَبْلَكَ مِن نَّذِيرٍ ۞<br>ငါသည် သူတို့အား လေ့လာဆည်းကပ်စေရန် အခြားမည်သည့် ကျမ်းစာကိုမှ မပေးအပ်ခဲ့ချေ၊ သင်မတိုင်မီ သူတို့ထံသို့ သတိပေးသူကိုလည်း မစေစားခဲ့ချေ။[၈၅၂] |
| ၄၅။ | وَكَذَّبَ الَّذِينَ مِن قَبْلِهِمْ وَمَا بَلَغُوا مِعْشَارَ مَا آتَيْنَاهُمْ فَكَذَّبُوا رُسُلِي فَكَيْفَ كَانَ نَكِيرِ ۞<br>သူတို့ မတိုင်မီဖြစ်သော မျိုးဆက်က ငြင်းဆန်ကြကုန်၏၊ သူတို့အား ငါ၏ ပေးအပ်မှုမှ ဆယ်ပုံတစ်ပုံမျှပင် မရောက်ရှိသေးချေ၊ သို့တိုင် သူတို့သည် ငါ၏ ဥဂ္ဂဏ်စဉ်ဆောင်တို့အား ငြင်းဆန်ကြကုန်၏။ ငါ၏ အသိအမှတ်မပြုခြင်းသည် မည်သို့ မည်ပုံ ရှိစေသနည်း။[၈၅၃] |
| ၄၆။ | قُلْ إِنَّمَا أَعِظُكُم بِوَاحِدَةٍ أَن تَقُومُوا لِلَّهِ مَثْنَى وَفُرَادَى ثُمَّ تَتَفَكَّرُوا مَا بِصَاحِبِكُم مِّن جِنَّةٍ إِنْ هُوَ إِلَّا نَذِيرٌ لَّكُم بَيْنَ يَدَيْ عَذَابٍ شَدِيدٍ ۞<br>ဟောလော့ “ကျွန်ုပ် သြဝါဒပေးသည်မှာ တစ်ခုတည်းပင်၊ နှစ်ဦးစီဖြစ်စေ တစ်ဦးတည်းဖြစ်စေ၊ ပရမတ်ဘုရားရှင် အတွက် ရပ်တည်ကြလော့၊ ထို့နောက် သုံးသပ်ဝေဖန်ကြလော့၊ သင်တို့၏ အဖော်သည် စိတ်မနှံ့သူ မဟုတ်ချေ၊ သူသည် ပြတ်သားသော ဝဋ်ကြွေးဒဏ်အား မျက်မှောက်ထား၍ သင်တို့အတွက် သတိပေးသူသာ ဖြစ်၏။” |
| ၄၇။ | قُلْ مَا سَأَلْتُكُم مِّنْ أَجْرٍ فَهُوَ لَكُمْ إِنْ أَجْرِيَ إِلَّا عَلَى اللَّهِ وَهُوَ عَلَى كُلِّ شَيْءٍ شَهِيدٌ ۞<br>ဟောလော့ “ကျွန်ုပ်သည် သင်တို့မှ အကျိုးဆုလဒ် မတောင်းချေ၊ သင်တို့၏ အတွက်သာ ဖြစ်၏။ ကျွန်ုပ်အတွက် ဆုလဒ်သည် ပရမတ်ဘုရားရှင်၌ ရှိ၏။ အရှင်သည် သဗ္ဗလုံးစုံအတွက် သက်သေသက်ကန် ဖြစ်တော်မူ၏။” |
| ၄၈။ | قُلْ إِنَّ رَبِّي يَقْذِفُ بِالْحَقِّ عَلَّامُ الْغُيُوبِ ۞<br>ဟောလော့ “ကေန်ပင် ကျွန်ုပ်၏ ကံကြမ္မာရှင်သည် စကြ္ဝာလွှန် ဥဂ္ဂဏ်တော် သစ္စာတရားဖြင့် ဝန်ပေးတော်မူ၏။” |

---

**(၈၅၂)** ဤသုတ်တော်တွင် ဤကျမ်းစာ (ကုရ်အာန်)မှ အပ အခြား ဆည်းကပ်လေ့စေရန် ကျမ်းစာများ မပေးခဲ့ဟု ပြောပေသည်။ ဆိုလိုသည်မှာ ဤကုရ်အာန်မှ အပ အခြားသော ကျမ်းစာများမှာ တစ်ဆင့်ခံ ဆင့်ပြန်ကျမ်းများ– သုတေသနလုပ်၍ ရေးသော ကျမ်းများ၊ လူသား အများသဘောတူ မတူ ချိန်ကိုက်၍ ရေးသော လူ့လက်ရာ စွပ်ဖက်သည့် ကျမ်းများသာ ဖြစ်ပေသည်၊ ၂း၇၈–၇၉။ ဤကုရ်အာန်ကျမ်းသည်သာ ပညာရပ်တို့ဇစ်မြစ်မူရင်းဓမ္မကျမ်းတော်ဖြစ်ကြောင်း အာမခံထားပေသည်။ ကမ္ဘာပေါ်တွင် ထိုကဲ့သို့ အာမခံထားသော၊ အာမခံရဲသော၊ အာမခံနိုင်သော ကျမ်းစာဟူ၍ ကုရ်အာန်မှ အပ အခြားကျမ်းများ မရှိချေ။ လူသားအား စိတ်၊ နာမ်၊ ရုပ်၊ ကာယ တို့အား သွန်သင်၍ လူသားတို့၏ နောက်ဆုံးစွန်ဘဝ ချုပ်ငြိမ်းခြင်းတည်ရာ သို့မဟုတ် ပရမတ်ဘုရားရှင်နှင့် ပေါင်းဆုံသွားခြင်းကို ထိထိရောက်ရောက် တိတိကျကျ သွန်သင်သော ကျမ်းမှာ ကုရ်အာန်တစ်အုပ်တည်းသာလျှင် ရှိပေသည်။ အလားတူပင် ဤကျမ်းတော်အား ဆောင်ကြဉ်းလာခွင့် ရသည့် ကိုယ်တော်မုဟမ္မဒ် မတိုင်မီ ဤသို့လူသားမျိုးနွယ်တစ်ခုလုံးအတွက် သွန်သင်သော ကျမ်းစာဖြင့် လောက၌ပွင့်ပေါ်သော ဥဂ္ဂဏ်စဉ်တော်ဆောင် အဖြစ် ပွင့်ပေါ်ခြင်း မရှိခဲ့သေးချေ၊ (၃၄း၂၈)။ လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ပြည်၊ ဒေသတစ်ခုအတွက်စီ အတွက် ပွင့်ပေါ်သော ဥဂ္ဂဏ်စဉ်တော်ဆောင်၊ သတင်းတော်ဆောင်များသည်သာ ပွင့်ပေါ်ခဲ့ပေသည်။ ထို့ကြောင့် ကိုယ်တော်အား ဥဂ္ဂဏ်စဉ်တော်ဆောင်များ ဆိတ်ငြိမ်ကာလတွင် ပွင့်ပေါ်သည်ဟု ကျမ်းတော်က အတိအကျ ထောက်ပြထားပေသည်၊ (၅း၁၉)။

**(၈၅၃)** ရှေးကျမ်းစာများအား အရှင်ပေးအပ်ခဲ့ခြင်းမှာ လောကမြေ၌ ရှိနေသော ပရမတ္ထသစ္စာတရားတို့၏ ဆယ်ပုံတစ်ပုံပင် မရှိခဲ့သေးချေ။ ဟု ဤသုတ်တော်က တရားဝင်ကြေငြာပေသည်။ လူသားတို့၏ ဦးဏှောက်ဉာဏ်ရည်၊ ခေတ်ကာလ၊ မြို့ပြစနစ်ထွန်းကားမှု၊ ငြိမ်းချမ်းစွာ အတူနေထိုင်မှု စသည့် ပြည့်မှီသော စံချိန်များ မရှိခဲ့သည့် အလျောက် ထိုခေတ် ထိုအခါမှ လူသားတို့အား သွန်သင်ခြင်းသည်၊ နောက်ဆုံးပွင့် ဥဂ္ဂဏ်စဉ်တော်ဆောင်၏ ခေတ်ကာလ ကဲ့သို့ ပြည့်မှီစွာ သွန်သင်ပေးနိုင်ခြင်း မရှိခဲ့သေးချေ။ သို့တိုင် ထိုအဆင့်ကိုပင် လူသားအများစု ငြင်းဆန်ခဲ့ကြသည်ဟု ကျမ်းတော်က ထောက်ပြထားပေသည်။ ပြီးပြည့်စုံစွာ သွန်သင်သော ကျမ်းမြတ်ကုရ်အံအား လူသားအများစု ငြင်းဆန်ခြင်းမှာလည်း အထူးမဟုတ်ပြီဟု ရည်ညွှန်း သွန်သင်ခြင်းပင်။

| | |
|---|---|
| ၄၉။ | **قُلْ جَاء الْحَقُّ وَمَا يُبْدِئُ الْبَاطِلُ وَمَا يُعِيدُ۞**<br>ဟောလော့ ‘‘သစ္စာတရားတော် ရောက်ရှိလာပြီ၊ မိစ္ဆာတရားသည် ပြုမထွက်နိုင် ထပ်ပြန်မလာနိုင်တော့ချေ။’’ |
| ၅၀။ | **قُلْ إِن ضَلَلْتُ فَإِنَّمَا أَضِلُّ عَلَى نَفْسِي وَإِنِ اهْتَدَيْتُ فَبِمَا يُوحِي إِلَيَّ رَبِّي إِنَّهُ سَمِيعٌ قَرِيبٌ۞**<br>ဟောလော့ ‘‘ကျွန်ုပ်သည် လမ်းလွဲမိလျှင် ကျွန်ုပ်၏ စရိုက်အား လမ်းလွဲစေခြင်း ဖြစ်ရ၏၊ ကျွန်ုပ်သည် လမ်းညွှန်မှန်၌ ရှိလျှင် ကျွန်ုပ်အား ကျွန်ုပ်ကံကြမ္မာရှင်မှ အာရုံစျာန်ကိန်းဝပ်ပေးခြင်းကြောင့် ဖြစ်၏။ ကေန်ပင် အရှင်သည် ကြားနေသော အရှင်၊ အနီးကပ်ရှိနေသော အရှင် ဖြစ်၏။ |
| ၅၁။ | **وَلَوْ تَرَى إِذْ فَزِعُوا فَلَا فَوْتَ وَأُخِذُوا مِن مَّكَانٍ قَرِيبٍ۞**<br>ပြေးမလွတ်နိုင်ဘဲ၊ အနီးကပ် ဖမ်းဆီးခံရ၍ သူတို့၏ ကြောက်ရွံ့တုန်လှုပ်နေပုံကို သင် မြင်ရပါလေစ။ |
| ၅၂။ | **وَقَالُوا آمَنَّا بِهِ وَأَنَّى لَهُمُ التَّنَاوُشُ مِن مَكَانٍ بَعِيدٍ۞**<br>သူတို့က ‘‘တပည့်တော်တို့ ၎င်းကို ယုံကြည်ပါပြီ၊’’ဟု ဆိုကြ၏။ သို့သော် ဤသို့ ခရီးကြီး ကွာပြီးမှ မည်သို့ ပြည့်မှီနိုင်အံ့နည်း၊ |
| ၅၃။<br>သစ္စာ<br>တရား | **وَقَدْ كَفَرُوا بِهِ مِن قَبْلُ وَيَقْذِفُونَ بِالْغَيْبِ مِن مَّكَانٍ بَعِيدٍ۞**<br>**၎င်း**ကို အတိတ်က သူတို့ ဖုံးကွယ်ခဲ့ကြ၏။ သူတို့သည် ဝေးစွာသော ဌာနမှ မမြင်စွမ်းနိုင်ရာအား ဝန်ဆောင်ခဲ့ကြ၏။ |
| ၅၄။ | **وَحِيلَ بَيْنَهُمْ وَبَيْنَ مَا يَشْتَهُونَ كَمَا فُعِلَ بِأَشْيَاعِهِم مِّن قَبْلُ إِنَّهُمْ كَانُوا فِي شَكٍّ مُّرِيبٍ۞**<br>ယခင်က သူတို့၏ ဘက်တော်သားများအား ပြုလုပ်ခဲ့သည့် ပမာ သူတို့နှင့် သူတို့၏အကြား၊ သူတို့ဆန္ဒရှိသော အရာ၏ အကြား၌ ကာဆီးထားလေပြီ။ သူတို့သည်ကား ဒွိဟဖြစ်သော သံသယစိတ်၌ ရှိခဲ့ကြ၏။[၈၅၄] |

---

(၈၅၄) ဤသုတ်တော်များ ၄၈ မှ ၅၄ သည်။ သစ္စာဉာဏ်ရောင် ဖြစ်သော ဤကျမ်းမြတ်ကုရ်အံကြီး ရောက်ရှိလာပြီ ဖြစ်ကြောင်း။ ကျမ်းတော်အား ခုခံနေသည့် လူလက်ရာ တရားမွှများ။ ပုံတိုပတ်စများ။ ဒဏ္ဍာရီများမှာ ခေါင်းမထောင်ရဲအောင် သိက္ခာမဲ့သွားရမည် ဖြစ်ကြောင်း အာမခံချက်ပေးထား၍– လူသားအပေါင်းအား သစ္စာတရား ဆီသို့ ဖိတ်ခေါ်ထားပြီး– ဆရာစွဲ။ ဂိုဏ်းစွဲ။ လူမျိုးစွဲ ရှိသူတို့၏ စွဲလမ်းမှု ခရီးကွာနေမှုများကြောင့် ထိုသူများအတွက် သစ္စာတရား၏ နောက်သို့ လိုက်နာရန် မွန်းကြပ်စွာ ခံစားရမှုများကို ဖေါ်ပြထားပေသည်၊ ထိုသို့ ဖေါ်ပြခြင်းမှာ သစ္စာတရားနောက် သို့ လိုက်နာနိုင်ရန် ဆရာစွဲ ဂိုဏ်းစွဲ အယူဟောင်း အစွဲများအား အလျှင်အမြန် ပါယ်သတ်ပစ်ရမည်ဟု သွန်သင်ထားခြင်းပင် ဖြစ်သည်။